## ဤစာအုပ် ပြန်လည်ထုတ်ဝေခြင်းအတွက် အမှာစာ

အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရေးသားတော်မူခဲ့သော 'ဗုဒ္ဓဝင် အမေးအဖြေ' စာအုပ်ကို ၁၉၅၆ ခုနှစ်က စတင်ထုတ်ဝေခဲ့ပါသည်၊ ထိုသို့ ပထမ အကြိမ် ထုတ်ဝေစဉ်ကပင် ယင်းစာအုပ်ကို စာချည်းသက်သက် မဟုတ်ဘဲ ရုပ်ပုံများနှင့် တွဲ၍ ထုတ်ရန် ဆန္ဒရှိကြောင်း ဆရာတော်က ဒကာရင်းဖြစ်သူ ဦးထိန်ဝင်းအား မိန့်ကြား ခဲ့ဖူးပါသည်၊ သို့သော် အကြောင်းကြောင်းကြောင့် ဆရာတော်၏ ဆန္ဒကို ဖြည့်ဆည်း ပေးနိုင်ခဲ့ခြင်း မရှိပါ။

ဆရာတော် ပျံလွန်တော်မူပြီး ၂၃ နှစ်အကြာ ယခု ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင်မူ ဆရာတော်၏ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်သည့် အကြောင်း ပေါ်လာပါသည်။ ယင်း အကြောင်းမှာ ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်ကို ဆေးရောင်စုံများဖြင့် ရေးဆွဲထားသော မြန်မာ့ရိုးရာ ရေးပုရပိုက်ပန်းချီများ ပါဝင်သည့် စာအုပ်တစ်အုပ်ကို ဓမ္မမိတ်ဆွေအချို့က ကျေးဇူးပြု လာခြင်း ဖြစ်ပါသည်၊ ယင်းစာအုပ်၏အမည်မှာ The life of the Buddha ဖြစ်ပါ သည်၊ အဆိုပါစာအုပ်ကို ၁၉၉၃ ခုနှစ်က ဗြိတိသျှစာကြည့်တိုက်(The British Library)က ထုတ်ဝေခဲ့ပါသည်၊ ဗုဒ္ဓဝင်ကို အင်္ဂလိပ်လို ရေးသားဖော်ပြပြီး မြန်မာ့ရိုးရာ ရေးပုရပိုက်ပန်းချီများဖြင့် ဝေဝေဆာဆာ တန်ဆာဆင်ထားသော စာအုပ် ဖြစ်ပါသည်၊ စာအုပ်ပါ ရေးပုရပိုက်ပန်းချီများကို ၁၈၃၀ ပြည့်နှစ်မှ ၁၈၃၇ ခုနှစ်အတွင်း အင်းဝ နန်းတွင်း၌ အမှုထမ်းခဲ့ဖူးသူ ဗြိတိသျှသံအမှုထမ်း Henry Berney ၏ အဆက် အနွယ် တစ်ဦးထံမှ ရရှိသည်ဟု အဆိုပါစာအုပ်၌ ဖော်ပြထားပါသည်၊ ယင်းစာအုပ်ကို ရရှိသော မဟာဂန္ဓာရုံဆရာတော်၏ ဒကာရင်း ဦးထိန်ဝင်းက ဆရာတော်၏ ဆန္ဒကို ဖြည့်ဆည်း၍ ကျေးဇူးဆပ်သည့်အနေဖြင့် ဤစာအုပ်ကို ပြန်လည်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ပုရပိုက် ပန်းချီများနှင့် ပူးတွဲထုတ်ဝေခြင်းကြောင့် စာအုပ်မူရင်းအမည်'ဗုဒ္ဓဝင်အမေးအဖြေ' အစား 'ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ'ဟု ပြင်ဆင်ပါသည်။

ဤစာအုပ် ဖြန့်ချိနိုင်သော အချိန်၌ ထူးခြားတိုက်ဆိုင်မှုနှစ်ခုနှင့် ကြုံရပါသည်။ ပထမအချက်မှာ ၁၃၆၁ ခုနှစ် တပို့တွဲ လပြည့်ကျော် ၁၄ ရက်(၄. ၃. ၂၀၀၀)နေ့တွင်

ကျရောက်သော မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး၏ နှစ် ၁၀၀ ပြည့် မွေးနေ့ အခါ သမယတွင် ဤစာအုပ်ကို စတင် ဖြန့်ချိနိုင်သော အချက် ဖြစ်ပါသည်။

ဒုတိယအချက်မှာ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလမှ စတင်ထုတ်ဝေလာခဲ့သော ပါရမီစာပေထုတ်စာအုပ်များ၏ အမှတ်စဉ်သည် ဤစာအုပ် ဖြန့်ချိသော အချိန်တွင် အုပ်ရေ ၁၀၀ ပြည့်မြောက်ခြင်း ဖြစ်ပါသည်။


ရည်ရွယ်လုပ်ဆောင်ခြင်း မရှိဘဲ ရာပြည့်အချက် နှစ်ချက်နှင့် တိုက်ဆိုင်သော ဤစာအုပ်ကို ထုတ်ဝေခွင့်ရခြင်းအတွက် ပါရမီစာပေက အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။

ဤစာအုပ် ဖြစ်မြောက်လာရခြင်းအတွက်

The life of the Buddha စာအုပ်ကို ပြည်ပမှ ဓမ္မဒါနပေးပို့သူ အမေရိကန်ပြည်ထောင်စုနေ ဦးမျိုးမင်း၊ ဒေါ်ခင်ခင်။ ဦးမျိုးမင်း၏ မိဘများ ဖြစ်ကြသော ထပ်ဆင့် ဓမ္မဒါနပြုသူ ရန်ကုန်မြို့ သံလွင်လမ်း အမှတ် ၄၅ နေ (ဦးချန်စိန်) ဒေါ်ချိန်ကင်း၊ ဦးမျိုးမင်း၏ညီမ ဒေါ်ချိုချိုလှိုင်၊

ကာလာခွဲ ဖလင်ထုတ် ပုံနှိပ်ခြင်းလုပ်ငန်းများ၌ အကူအညီပေးခဲ့သော ဦးတိုးဝင်း (သိန်းမြင့်ဝင်းပုံနှိပ်တိုက်)၊ ဦးထွန်းဆိုင်၊ ဦးလူမော်နှင့် ကလျာအော့ဖ်ဆက်အဖွဲ့သားများအား အထူးကျေးဇူးတင်ရှိပါသည်။

ပါရမီစာပေ



## သတ္တမအခန်း

(ရဟန်းပြုသည်မှစ၍ ဘုရားဖြစ်သည်အထိ)

၁။ နော်မာကမ်းပေါ်၊ ရောက်လတ်သော်၊ ဆံတော်ဘယ်သို့ ပယ်သနည်း။

၂။ နံ့သာကြိုင်လှောင်၊ ဆံဥသျှောင်ကို၊ ဘုန်းခေါင်ရွှေလက်၊ သန်လျက်ဖြင့်၊ တစ်ဖက် ရိတ်ကာ၊ ကိုယ်တိုင်သာ၊ ကောင်းစွာ ပယ်ရိတ်ပါသတည်း။

၃။ ပယ်ရိတ်ပြီးသော်၊ ထိုဆံတော်၊ ဘုန်းမော် ဘယ်သို့ ပြုသနည်း။

၄။ ဗုဒ္ဓကေန်၊ ဖြစ်မည်မှန်မူ၊ ဤဆံကေသာ၊ ကောင်းကင်မှာပင်၊ ကောင်းစွာ တည်ရန်၊ စိတ်တော်ကြံ၊ ဓိဋ္ဌာန်မြှောက်၍ ပစ်သတည်း။

၅။ ကောင်းကင် တည်လတ်၊ ဆံတော်မြတ်၊ ဘယ်ရပ် ဘယ်မှာ ကိန်းသနည်း။

၆။ ကောင်းကင်တည်မူ၊ သိကြားယူ၍၊ စူဠာမဏိ၊ အမည်ရှိသား၊ စေတီတော်မှာ၊ ထာပနာ၊ ဝတိံသာ၌ ကိန်းသတည်း။

---

၂။ ဘုရားအလောင်းတော်သည် အနော်မာမြစ်ကမ်း၏ သဲသောင်ပြင်ဝယ် မြင်းပေါ်မှ ဆင်းတော်မူ၏။ ထိုနောက် ဆံဥသျှောင်(ဆံထုံးတော်) ကို လက်တစ်ဖက်ဖြင့် ကိုင်၍ သန်လျက်ဖြင့် ကိုယ်တော်တိုင် ပယ်ရိတ်လေသည်။

၄။ ထိုနောက် ဆံထုံးတော်ကို "ဘုရားဖြစ်မည်မှန်လျှင် ဤဆံတော်သည် ကောင်းကင်၌ တည်စေသတည်း" ဟု ဓိဋ္ဌာန်၍ ကောင်းကင်သို့ မြှောက်ပစ်လိုက်ရာ ကောင်းကင်မှာပင် တည်နေလေသည်။

၆။ ကောင်းကင်၌တည်နေသော ဆံတော်ကို ရတနာပန်းကလာပ်ဖြင့် သိကြားမင်း ခံယူ၍ တာဝတိံသာ နတ်ပြည်၌ စူဠာမဏိစေတီ တည်ပြီးလျှင် ထိုစေတီတော်မှာ ဌာပနာ လေသည်။ (ဌာပနာ= အတွင်း၌ သွင်းထားခြင်း။)



၁၁။ ရဟန်းဖြစ်ထ၊ ဘယ်သို့ကြွ၊ ဘယ်မှ ဘယ်သူ တွေ့သနည်း။
၁၂။ ရဟန်းဖြစ်က၊ ရာဇဂြိုဟ်ကြွ၊ ဗိမ္ဗိသာရ တွေ့သတည်း။

---

၁၂။ ရဟန်းပြုပြီးသောအခါ အနော်မာမြစ်ကမ်း၏ အနီး "အနုပိယ" မည်သော သရက်တော၌ ၇ ရက်မျှ နေတော်မူပြီးနောက် ရသေ့ရဟန်း ပေါများသော ရာဇဂြိုဟ်မြို့သို့ ကြွတော်မူ၏။ မြို့တွင်းသို့ဆွမ်းခံဝင်သောအခါ "ထိုမျှလောက် ချောမောသပ္ပာယ်၍ ၂၉ နှစ်မျှအရွယ်ရှိသေးသော ရသေ့ရဟန်းကို မမြင်ဖူးကြသောမြို့သူမြို့သားတို့သည် "လူလော-နတ်လော" ဟုတွေးတောကာ တအံ့တသြ ကြည့်ရှုကြလေသည်။
ထို့နောက် ဗိမ္ဗိသာရမင်းကိုယ်တိုင် လိုက်လာပြီးလျှင် ပဏ္ဍဝတောင်ခြေမှာ

၁၅။ ၇ ရက်မျှ၊ ပြည့်ကာလ၊ ဘယ်က ဘယ်သူ လာသနည်း။
၁၆။ ခုနစ်ရက်မျှ၊ ပြည့်ကာလဝယ်၊ တပုဿနှင့်၊ ဘလ္လိကမည်၊ လှည်းကုန်သည်၊ ဥက္ကလာပြည်မှ လာသတည်း။
၁၇။ ဥက္ကလာပြည်သား၊ နောင်ညီများ၊ ဘုရား ဘာကို လှူသနည်း။
၁၈။ ဥက္ကလာပြည်သား၊ နောင်ညီများတို့၊ ဘုရားရှင်ကို၊ လွန်ကြည်ညို၊ မုန့်ကို လှူကြ လေသတည်း။
၁၉။ နောင်ညီတို့မှာ၊ ကိုးကွယ်ရာ၊ ဘာကိုရ၍ သွားသနည်း။
၂၀။ နောင်ညီနှစ်ဖော်၊ အလွန်ပျော်၊ ဆံတော်ဓာတ်များ ရသတည်း။
၂၁။ ရာဇာယတန၊ သတ္တာဟမှ၊ ကြွ၍ ဘယ်တွင်၊ စံနေစဉ်၊ တို့ရှင် ဘယ်စိတ် ဖြစ်သနည်း။
၂၂။ ထိုမှတဖြာ၊ အဇပါသို့၊ ပြန်လာ အကြွ၊ ရောက်ခါစဝယ်၊ များလှုစိတ်ထား၊ ညံ့သည့်အားကြောင့်၊ တရားအထူး၊ မတန်ဘူး၊ စိတ်ကူးတို့ရှင်ဖြစ်သတည်း။

---

ထို့နောက် သိကြားကပ်လှူသော နွယ်ချို တံပူကို ဝါး၍ အနဝတတ်ရေစင်ဖြင့် မျက်နှာသစ်တော်မူ၏။ ထိုအချိန်အထိ မည်သည့် အာဟာရကိုမျှ ဘုဉ်းပေးတော် မမူရသေး။ သမ္ဗောဓိ၏ ယနာနို့ဆွမ်း ၄၉ လုတ်သည် ထို ၇ သတ္တာဟ (၄၉ ရက်) အတွက် ဘုရားရှင်မှာ ဩဇာပြန့်လျက် ရှိလေသည်။

၁၆။ ထိုသို့ မျက်နှာသစ်ပြီး၍ ရာဇာယတန၌ ထိုင်နေတော်မူစဉ် "ဥက္ကလာ" မည်သော ဇနပုဒ်မှ တပုဿနှင့် ဘလ္လိကမည်သော လှည်းကုန်သည် ညီနောင် ၂ ယောက်တို့သည် လှည်းငါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းလာကြရာ ဆွေမျိုးဖြစ်ခဲ့ဖူးသော နတ်၏ ညွှန်ပြချက်ကြောင့် ဘုရားရှင်ကို ဖူးတွေ့ကြရလေသည်။

၁၈။ ထိုညီနောင် ၂ ယောက်တို့သည် ဘုရားရှင်ကို လွန်စွာကြည်ညိုရကား လှော်၍ ထောင်းထု ကြိတ်ထားသော မုန့်မှုန့်နှင့် (သကြား ထောပတ် ပျားရည်တို့ ပေါင်းစပ်၍ မုန့်မှုန့်နှင့် ဆုပ်ထားသော) မုန့်ဆုပ်ကို ကပ်လှူလေသည်။

ဘုရားရှင်သည် ထိုအာဟာရကို ဘုဉ်းပေးတော်မူပြီးသောအခါ တရားဟော တော်မူ၏။ ကုန်သည်ညီနောင်တို့လည်း ဘုရားနှင့် တရား ရတနာ ၂ ပါးကို ပထမဆုံး ကိုးကွယ်ဆည်းကပ်ရသော ဥပါသကာများ ဖြစ်ကြလေသည်။

၂၀။ ထို့နောက် ရောက်သောနေရာ၌ အမြဲအမှတ်တရ ကိုးကွယ်ဖို့ရာ ချီးမြှင့်ပါရန် လျှောက်ကြလေ၏။ ဗုဒ္ဓမြတ်စွာသည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍ ငြိကပ်ပါလာသော ဆံတော်များကို ချီးမြှင့်တော်မူလေသည်။

ထို ညီနောင် ၂ ယောက်တို့သည်လည်း အလွန်ဝမ်းမြောက်စွာ ခံယူ၍ ဥက္ကလာ ပြည်သို့ ပြန်ရောက်သောအခါ ဆံတော်များကို ရွှေကလာပ်ပေါ်တင်ပြီးလျှင် အသစ်တည်အပ်သော စေတီတွင်းသို့ ထည့်သွင်းဌာပနာကြလေသည်။

**မှတ်ချက်။** ။ ဥက္ကလာကို "ဥက္ကလာပ" ဟုခေါ်၍ ရန်ကုန်မြို့တော်ကို ဥက္ကလာ ဇနပုဒ်

၇။ ညဉ့်ဦးယံတွင်၊ ဘယ်သို့လျှင်၊ ညစဉ် ကိစ္စ ပြုသနည်း။
၈။ ညဉ့်ဦးယံသော်၊ သံဃာတော်၏၊ ထုတ်ဖော်မေးက၊ အဖြေပြ၊ ဓမ္မညစဉ် ပေး သတည်း။
၉။ သန်းခေါင်ယံတွင်၊ ဘယ်သို့လျှင်၊ ညစဉ်ကိစ္စ ပြုသနည်း။
၁၀။ သန်းခေါင်ရောက်လတ်၊ ဗြဟ္မာ နတ်၏၊ ပြဿနာမေး၊ အဖြေပေးလျက်၊ ငြိမ့်လေး နာပျော်၊ တရားတော်၊ ဟောဖော်ညွှန်ပြပါသတည်း။
၁၁။ မိုးသောက်ယံတွင်၊ ဘယ်လိုလျှင်၊ ညစဉ်ကိစ္စ ပြုသနည်း။
၁၂။ မိုးသောက်ယံရောက်၊ စင်္ကြံလျှောက်၍၊ ထို့နောက် ဆက်လက်၊ တစ်မှေး စက်၏။ ကျိန်းစက်တမူ၊ ကျွတ်ထိုက်သူ၊ နတ်လူ စုံအောင် ကြည့်သတည်း။

---

၄။ အရာရာပြည့်စုံပြန်ပါလည်း အိမ်မှထွက်ခွာ၍ ရသေ့ရဟန်းပြုဖို့ခဲယဉ်း၏။
၅။ ရဟန်းမဟုတ်ဘဲ (သာသနာပ ရသေ့မျှ ဖြစ်နေလျှင်)တရားစစ် တရားမှန် နာခံရဖို့လည်း ခဲယဉ်း၏။ (သင်တို့မှာ ထိုခဲယဉ်းကြီး ငါးပါးလုံး ပြည့်စုံပြီ ဖြစ်၍ ကြိုးစားဖို့သာ လိုတော့သည်-ဟူလို။)

ဤသို့ဆုံးမပြီးလျှင် ဂန္ဓကုဋိတိုက်သို့ဝင်၍ ခဏ္ဍခဏမျှ လဲလျောင်းတော်မူ၏။ ထိုနောက် ထ,တော်မူ၍ တရားရထိုက်သော သတ္တဝါတို့ကို ကြည့်တော်မူ၏။ ထို့နောက် ရောက်လာသော လူတို့အား တရားဟော၍ အချိန်ရှိတုန်းမှာပင် ပြန်လွှတ်တော်မူ၏။ ဤကား (ပစ္ဆာဘတ္တ) ဆွမ်းစားပြီးကစ၍ တစ်နေ့လုံး လုပ်ငန်းတော် အစဉ်တည်း။

၈။ နေဝင်ချိန်လောက် ရောက်သောအခါ ကိုယ်ငွေ့ရအောင် ရေဖြင့် ကိုယ်တော်ကို လောင်းတော် (ချိုးတော်) မူ၏။ ထို့နောက် ဂန္ဓကုဋိဝင်းအတွင်း၌ ခင်းထားအပ်သော နေရာသို့ ကြွလျက် ငြိမ်သက်စွာ (သမာပတ် ဝင်စား၍) ထိုင်နေတော်မူ၏။ ထိုအခါ ရဟန်းတော်များ လာ၍ပြဿနာမေးကြ၊ ကမ္မဋ္ဌာန်းတောင်းကြ၊ တရားဟောဖို့ တောင်းပန်ကြလေရာ အားလုံး အလိုဆန္ဒကို ပြည့်ဝစေတော်မူ၏။ ဤကား (ပုရိမယာမ) ညဉ့်ဦးယံ (၁၀ နာရီ) အတွင်း၌ ညစဉ် လုပ်ငန်းတော် အစဉ်တည်း။
၁၀။ ညဉ့်အလယ်ပိုင်း သန်းခေါင်ယံအချိန်၌ကား လူခြေတိတ်ပြီဖြစ်၍ နတ်ဗြဟ္မာအများ ဆည်းကပ်လာကြ၏။ သူတို့လည်း ပြဿနာမေးကြ၊ တရားဟောဖို့ရန် တောင်းပန်ကြ၏။ ထိုနတ်ဗြဟ္မာတို့၏အလိုဆန္ဒအားလျော်စွာ ပြဿနာဖြေ၍ တရားကိုလည်း ဟောတော်မူသည်။ ထိုသို့ဟောတော်မူပြီးသောအခါ သန်းခေါင်ယံလည်း ကုန်လောက်ပြီ။ နတ် ဗြဟ္မာ တို့လည်း ပြန်ကြပေပြီ။ ထိုအခါ ညဉ့်ကို ၃ ပုံ ပုံ လျှင် နောက်ဆုံး မိုးသောက်ယံသို့ ရောက်လောက်လေပြီ။ ဤကား (မဇ္ဈိမယာမ) သန်းခေါင်ယံ၌ လုပ်ငန်းတော် အစဉ်တည်း။
၁၂။ ထို့ကြောင့် အရုဏ်မတက်မီ မိုးသောက်ယံကို ၃ ပိုင်း ပိုင်းပြီးလျှင် ရှေ့တစ်ပိုင်း အချိန်လောက်မှာ စင်္ကြံကြွတော်မူ၏။ အလယ်ပိုင်း အချိန်လောက်မှာ ဂန္ဓကုဋိသို့



၁၇။ ဓာတ်တော်ဝေဖို့၊ ဘယ်ပြေမြို့၊ ဘယ်သို့လာ၍ တောင်းသနည်း။

၁၈။ ဓာတ်တော်ဝေဖို့၊ ခုနစ်ပြေမြို့၊ မင်းတို့ စစ်နှင့် တောင်းသတည်း။

---

၁၈။ ထိုအချိန်မှာ အဇာတသတ်မင်း၊ လိစ္ဆဝီမင်း၊ သာကီဝင်မင်း စသော မင်းများနှင့် ဝေဌဒီပကမည်သော ပုဏ္ဏားပါ ခုနစ်ပြည်မင်းတို့သည် ဘုရားသခင်ပရိနိဗ္ဗာန် စံတော်မူကြောင်းကို ကြားသိကြရကုန်၏။ ကြားလျှင်ကြားချင်းပင် ဓာတ်တော်များကို ဝေပေးဖို့ရန် တမန်လွှတ်၍ ကြည်ကြည်သာသာ တောင်း၍မရလျှင် စစ်တပ်ဖြင့် လုဖို့ရန် စစ်ချီ၍ထွက်လာကြလေသည်။

ထိုသို့ ထွက်လာကြပြီးလျှင် ကုသိနာရုံမြို့ကိုဝိုင်း၍ "ဓာတ်တော်များကို ဝေလျှင်ဝေပါ။ မဝေလျှင်စစ်တိုက်ရလိမ့်မည်" ဟု ရာဇသံပေးကြလေသော် မလ္လာမင်းတို့ ကလည်း "မပေးနိုင်" ဟု ငြင်းကြလေ၏။ (တကယ်စစ်ဖြစ်လျှင် နတ်များက မလ္လာမင်းတို့ဖက်မှကူမည်ဖြစ်၍ မလ္လာမင်းတို့ပင် နိုင်စရာ ရှိသတဲ့။)

